# မာတိကာ


၁။ ဒုက္ခဆင်းရဲဖြိုက်တည်လာယေ အကျိုးနဲ့အကြောင်း (ကမ္ဘာဦးကျမ်း ၁ ၊ ၂ ၊ ၃)

၂။ အနန္တမေတ္တာရှင် ကိုယ်တော်ယေရှုကို ဖွားမြင်တော်မူခြင်း (မဿဲ ၁၊ လုကာ ၂)

၃။ ကိုယ်တော်ယေရှုက ကရုဏာတရားကို သင်ကြားပြသခြင်း (လုကာ ၁၀ : ၂၅ - ၃၇)

၄။ နောင်တသံဝေဂရနီတဲ့ အပြစ်ဒုစရိုက်သမားတစ်ယောက်ကို ဘုရားရှင် ကယ်တင်တော်မူခြင်း (လုကာ ၁၉ :၁၀)

၅။ ကိုယ်တော်ယေရှု မကောင်းဆိုးဝါးကို နှင်ထုတ်ခြင်း (မဿဲ ၈ : ၂၈-၃၄၊ လုကာ ၈ : ၂၆-၃၉၊ မာကု ၅ : ၁-၂၀)

၆။ ကိုယ်တော်ယေရှု လူပေါင်း ၅၀၀၀ ကို ကျွေးမွေးတော်မူခြင်း ( ယောဟန် ၆ : ၁-၁၅)

၇။ ကိုယ်တော်ယေရှုကို လက်ဝါးကပ်တိုင်ထက်ကိုတင်ပနာ သတ်ခြင်း (လုကာ ၂၃ : ၁-၅၆)

၈။ ကိုယ်တော်ယေရှု သီခြင်းကနီ အသက်ပြန်ရှင်ခြင်း ( လုကာ ၂၄ : ၁-၈)

၉။ ကိုယ်တော်ယေရှု နိဗ္ဗာန်ရွှေမြို့တော်ကို ပြန်လို့ ကြွမြန်းခြင်း၊ လူမျိုးတကာပါးကို လားပနာ တပည့်တော်တိ မွီးထုတ်ဖို့ သင်ပြခြင်း (မဿဲ ၂၈ : ၁၆-၂၀၊ တမန်တော် ၁ : ၁၁)

၁၀။ နိဗ္ဗာန်ရွှေမြို့တော်ရဲ့ အရှင်သခင်ယေရှု ( ဗျာဒိတ်တော်ကျမ်း ၂၁ : ၉-၂၂ : ၂)



1

## ၁။ဒုက္ခဆင်းရဲဖြိုက်တည်လာယေ အကြောင်းနဲ့အကျိုး (ကမ္ဘာဦးကျမ်း ၁၊၂၊၃ )

ဘုရားရှင်ဟာ စကြဝဠာနဲ့ ကမ္ဘာကြီးကို ငါးရက်အတွင်းမာ မြီမှုန့်တိကတဆင့် ကမ္ဘာပေါ်မာဟိယေ သက်ရှိတိကို ဖန်ဆင်းတော်မူခယေ။ ခြောက်ရက်မြောက်တေနိန့်မာ ဘုရားရှင်ဟာ ပထမဆုံး လက်ထပ်ထိမ်းမြားခြင်းကို ဖန်တီးပီးခယေ။ ပထမဆုံး လူယောကျ်ားကို အာဒံလို့ ခေါ်စီပြီးကေ ပထမဆုံး လူအမျိုးသမီးကိုကျေကေ ဧဝလို့ ခေါ်စီခယေ။ ဘုရားရှင်ဟာ အာဒံနဲ့ဧဝလင်မယားကို ကမ္ဘာပေါ်မာ လူသားမျိုးနွယ်တိ ပြန့်ပွားပီးစီဖို့အတွက် ဗျာဒိတ်တော်ပီးခယေ။ ဘုရှားရှင်ဟာ အာဒံနဲ့ဧဝအတွက် ဧဒင်ဥယျာဉ်အထဲမာ အသီးအနှံတိပေါများယေ အသက်သစ်ပင်၊ ဉာဏ်ပညာသစ်ပင်တိပိုင် အပင်တိ ဖန်တီးခယေ။ လူယောကျ်ားဟာ အသက်ရှင်နီထိုင်ဖို့ရည်ရွယ်ချက်နဲ့ သတ္တဝါတိကို သတ်ဖြတ်စားသောက်ဖို့ မလိုလားခ။ အာဒံနဲ့ဧဝဟာ အရာသတ္တဝါတိပိုင် အရှက်တရားကို နားမလည်တဲ့အတွက် အဝတ်အစားတိ ဝတ်ဖို့လည်းမလိုအပ်ခ။ ညစာဖက်ရောက်တိုင်း ဘုရားရှင်ဟာ အာဒံ၊ ဧဝရို့နဲ့အတူ အပေါင်းအသင်းတိပိုင် စကားပြောပနာ လမ်းလျှောက်လေ့ဟိကတ်တေ။ မြွေဆိုဟာ တိရိစ္ဆာန်တိထဲမာ အပါးနပ်ဆုံးသတ္တဝါဖြိုက်ကေလည်း ဒေမြွေကကျေကေ မာရ်နတ်ရဲ့ မြွေဆိုးဖြိုက်တေ။ တစ်ရက်နိန့်ခါ ယင်းမြွေဟာ ဧဝကို "ဘုရားရှင်ဟာ ဒေဥယျာဉ်ထဲမာဟိယေ အပင်တိုင်းက အသီးတိအားလုံးကို မစားခိုင်းဟာက မှန်ယေလား" လို့ မီးလိုက်တေ။ ယင်းခါ ဧဝက "ငါရို့ဟာ ဉာဏ်ပညာသစ်ပင်မာဟိယေ အသီးကလွဲကေ ကျန်ယေအသီးတိကို စားလို့ရယေ။ ဘုရားရှင်ဟာ ယင်းအပင်ကအသီးကို မစားဖို့နဲ့ ထိတောင်မထိဖို့ ၊ အမှန်လို့ စားကေ ငါရို့သီကတ်ရဖို့"လို့ ပြန်ပြောခယေ။ ယင်းနောက်မာ မြွေဆိုးက " မတ်ရို့လည်း မသီကတ်ရ။ ဘုရားရှင်ဟာ မတ်ရို့ယင်းအသီးကို စားလိုက်ကေ ဘုရားရှင်ပိုင်မျိုး အသိဉာဏ်ပညာတိ ရလားဖို့လို့သိဟာကြောင့် တားမြစ်ထားဟာဖြိုက်တေ"လို့ ပြန်ပြောလိုက်တေ။ လူအမျိုးသမီးဟာ လှပပြီးကေ အရသာဟိပုံပေါ်ယေ ယင်းအသီးကို ကေ့ပနာ "ဒေအသီးကို စားလိုက်ရကေ ဒေအသီးက ငါ့ကို အသိဉာဏ်တိ ရစီဖို့"လို့ စဉ်းစားလိုက်ယေ။ ယင်းပိုင်နဲ့ သူမဟာ ယင်းအသီးကို ခူးစားလိုက်တေ။ အာဒံကိုပါ ကျွေးဟာကြောင့် အာဒံကလည်း စားလိုက်တေ။ ယပြီးဟာနဲ့ချက်ချင်း သူရို့ဟာ အဝတ်အစားတိ ဝတ်ထားလို့မဟိဟာကို သိလိုက်ကတ်ရတေ။ သူရို့ဟာ အရှက်တရားတိကို ကာကွယ်ဖို့အတွက် ချက်ချင်း သစ်ရွက်နဲ့ဖုံးလိုက်ကတ်တေ။ ညစာဖက်ရောက်လာယေခါ သူရို့ဟာ ဥယျာဉ်ထဲမာ ဘုရားရှင် လမ်းလျှောက်နီယေအသံကို ကြားခရယေ။ ရုတ်တရက်ဆိုပိုင် သူရို့ဟာ ကြောက်လန့်ဟာကို ခံစားမိပနာ အပင်တိကြားထဲမာ ပုန်းနီခကတ်တေ။ "အာဒံ မတ်အဇာမာရောင်"လို့ ဘုရားရှင်က မီးလိုက်တေ။ အာဒံက သူပြန်ဖြေရဖို့ဆိုဟာကို သိတဲ့အတွက် " ကျွန်တော်ရို့ဟာ ဘုရားရှင် ဥယျာဉ်ထဲမာ လမ်းလျှောက်နီဟာကို ကြားပါယေ။ ယေတာလဲ ကျွန်တော်ရို့ဟာ ကိုယ်တုံးလုံးဖြိုက်နီယေအတွက် ရှက်ကြောက်ပြီးကေ ပုန်းနီရပါယေ"လို့ ပြန်ဖြေလိုက်တေ။ "မတ်ရို့ကို ကိုယ်တုံးလုံးလို့ အသူကပြောရောင်။ငါတားမြစ်ထားယေအပင်က အသီးကို မတ်ရို့ စားလိုက်ဟာလား"လို့  ဘုရားက မီးယေ။ "ဘုရားရှင် ဖန်ဆင်းပီးထားယေ လူအမျိုးသမီးက ကျွန်တော့်ကို ကျွေးခဟာပါ။ ယင်းဟာ သူမအပြစ်ပါ။ သူမကျွေးဟာကြောင့် ကျွန်တော် ယင်းအသီးကို စားလိုက်ရဟာဖြိုက်တေ"လို့ အာဒံက ပြန်ဖြေလိုက်တေ။

ဘုရားရှင်က ဧဝကို “အသင်က အဇာဖြိုက်လို့ ဒေပိုင်မျိုးလုပ်ရဟာရောင်”လို့ မီးလိုက်တေ။ ယင်းအခါ “ဒေဟာ မြွီရဲ့အမှားပါ။မြွီက ယင်းအသီးကို အကျွန်စားအောင် လှည့်ဖျားဟာကြောင့်ပါ”လို့ ဧဝက ပြန်ဖြေလိုက်တေ။ ဘုရားရှင်က မြွီကို “မတ်က ဒေပိုင် လုပ်လိုက်ဟာကြောင့် အရာသတ္တဝါတိထက် အပြစ်ဒဏ် ပိုခံရဖို့။ အဂုကစပနာ မတ်ဟာ ဗိုက်နဲ့ရာ တွားပနာလားရဖို့။ လူသားတိနဲ့မြွီတိဟာ အချင်းချင်း အမုန်းပွားကတ်ရဖို့။ သင်ဟာ လူရဲ့ခြီထောက်လောက်ကိုရာ ဒဏ်ရာရစီယေအချိန်မာတောင် လူတိကကျေ သင့်ကို သီစီယေအထိ ရန်တုံ့ပြန်ဟာကို ခံရဖို့”လို့ ပြောခယေ။ ဘုရားရှင်ဟာ လူအမျိုးသမီးကို “သင်ဟာ မွီးဖွားခွင့်ကို ပြုယေအခါ နာကျင်မှုအများကီးကို ခံစားရဖို့။ အသင်ဟာ လင်ယောက်ျားကို သြဇာညောင်းချင်ကေတောင် လင်ယောက်ျားကရာ အသင့်အပေါ်မာ သြဇာညောင်းလိမ့်မေ။အဂုကနီစပနာ အသင်ဟာ လင်ယောက်ျားရဲ့ လိုအင်ဆန္ဒတိကို ဖြည့်ဆီးပီးရဖို့”လို့ ပြောခယေ။ ဘုရားရှင်က အာဒံကို “ငါဟာ မတ်ကို ဒေအပင်ကအသီးကို မစားဖို့ သေချာတားမြစ်ခယေ။မတ်က မလိုက်နာခ။ကမ္ဘာမြီကီးဟာ မတ်အတွက်ကြောင့် ဒုက္ခဆင်းရဲ ခံစားရဖို့။အဂုကနီစပနာ မတ်ဟာ အစားအသောက်တိအတွက် အလုပ်လုပ်ရဖို့။မြီကီးကကျေ မတ်ကို ဆန့်ကျင်ဖို့။ မြီကီးကနီ မြက်ရိုင်းတိ၊ ခြံနွယ်တိ ထွက်လာဖို့။ မတ်ဟာ မတ်ဖြိုက်တည်လာယေ မြီမှုန့်ဘဝကို ပြန်မလားခင်အချိန်ထိ ချွေးတိနဲ့ ပင်ပင်ပန်းပန်း အလုပ်လုပ်ရဖို့”လို့ ပြောခယေ။ ဘုရားရှင်ဟာ လူယောက်ျားနဲ့ လူအမျိုးသမီးကို တိရစ္ဆာန်အရီနဲ့လုပ်ထားယေ အဝတ်အစားတိ ဝတ်ဆင်ပီးခယေ။ ပြီးနာ သူရို့ကို ဥယျာဉ်ထဲကနီ နှင်ထုတ်လိုက်တေ။သူရို့ဟာ ဥယျာဉ်အပြင်မာကျေ အစားအသောက်စားရဖို့အတွက် မြီကီးမာထွန်ယက်စိုက်ပျိုး ကတ်ရယေ။ ဘုရားရှင်ဟာ နတ်ဒေဝါကို ဥယျာဉ်အပြင်ကနီ စောင့်ရှောက်စီခယေ။ ယင်းအချိန်ကစလို့ လူတိဟာ အသက်သစ်ပင်နဲ့ ခွဲခြားခြင်းခံလိုက်ရယေ။



## ၂။အနန္တမေတ္တာရှင် ကိုယ်တော်ယေရှုကို ဖွားမြင်တော်မူခြင်း (မဿဲ ၁၊ လုကာ ၂ )

လွန်ခဲ့ယေ နှစ်ပေါင်း (၂၀၂၃)ဝန်းကျင်၊ ဗုဒ္ဓဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးလို့ နောက်နှစ်ပေါင်း (၅၆၃) ခုနှစ်မာ အစ္စရေးတိုင်းပြည်မာ မာရိလို့ခေါ်ယေ မမာ့တစ်ယောက်ပါးကို ဘုရားရှင်ရဲ့နတ်ဒေဝါတစ်ပါး ရောက်လာခယေ။အစ္စရေးနိုင်ငံဟာ အနောက်တောင်အာရှမာ ဟိယေ။ ယင်းအချိန်မာ အစ္စရေးမာ ဥပဒေမစိုးမိုးပဲ ရက်စက်ကြမ်းကြုတ်ယေ ရောမအင်ပါယာရဲ့စစ်တပ်က အုပ်ချုပ်ယေ အချိန်ဖြိုက်တေ။ မာရိဟာ ယောသပ်လို့ခေါ်ယေ လူတစ်ယောက်နဲ့ စေ့စပ်ထားဟာဖြိုက်တေ။ နတ်ဒေဝါက မာရိကို “မာရိ ၊ အသင့်ကို ဘုရားရှင်က ကောင်းချီးပီးခရာ”လို့ ပြောခယေ။ မာရိဟာ အံ့သြပနာ ဆွံ့အနီခဟာကြောင့် ဇာပြောရဖို့ဆိုဟာမသိ ဖြိုက်နီခယေ။ “မကြောက်ပါကေ့၊ အသင်ဟာ ဘုရားရှင်ရဲ့ ရှိုးကောက်ဟာကို ခံလိုက်ရဟာဖြိုက်တေ။အသင်ဟာ သားတော်တစ်ပါး ဖွားမြင်ပါဖို့။ သူ့ကို ယေရှုလို့ နာမေပီးပါ။သူဟာ ကြီးကျယ်မြင့်မြတ်ပြီးကေ သူ့ရဲ့သာသနာတော်ဟာ မဆုံးမရှိ ကျယ်ပြန့်လိမ့်မေ”လို့ နတ်ဒေဝါက ပြောခယေ။ ယင်းခါ မာရိက “ဒေဟာ တစ်ခုပိုင်လဲ မဖြိုက်နိုင်။ အကျွန်ဟာ အပျိုစင်တစ်ယောက် ဖြိုက်တေ”လို့ ပြန်ပြောခယေ။ နတ်ဒေဝါက “သင်ဟာ  ဘုရားရှင်ရဲ့ ဘုန်းတော်ကြောင့် ပဋိသန္ဓေရဖို့ ဖြိုက်တေ။ ယင်းကြောင့် ဒေအချေကို ဘုရားရှင်ရဲ့ သားတော်လို့ ခေါ်တွင်ရဖို့ ဖြိုက်တေ။ ဒေအချေဟာ သာမာန်အချေတစ်ယောက်မဟုတ်။သူ့ရဲ့ သွီးသားတိဟာလည်း ကမ္ဘာ့ပထမဆုံး လူအမျိုးသမီးဖြိုက်တဲ့ ဧဝပါးက ဆင်းသက်လာယေလူလည်းမဟုတ်။သူ့ရဲ့အသက်ဝိညာဉ်တော်ဟာ နိဗ္ဗာန်ရွှေမြို့တော်ကနီ ဆင်းသက်လာဟာဖြိုက်တေ”လို့ ပြောခယေ။ နတ်ဒေဝါက ထပ်ပနာ “မာရိ၊ ဘုရားရှင်အတွက်  အရာအားလုံးဟာ ဖြိုက်နိုင်ပါယေ”လို့  ပြောခယေ။ မာရိကလည်း နားလည်သဘောပေါက်လားဟာကြောင့် “အကျွန်ုပ်ဟာ ဘုရားရှင်ရဲ့ တပည့်တော်ရာဖြိုက်တေ။ အသင်  ပြောကြားဟာတိအားလုံးကို ဖြိုက်စီရပါဖို့”လို့ ပြန်ဖြေခယေ။ မာရိနဲ့ စေ့စပ်ထားယေ ယောသပ်ဟာ မကြာခင် မာရိမာ ကိုယ်ဝန်ဟိနီဟာကို သိလားခယေ။ သူဟာ အချေရဲ့အဖအရင်း မဟုတ်ဟာကို သိခယေ။ ယောသပ်ဟာ အလွန်တရာရိုးသားဖြောင့်မတ်ယေလူ ဖြိုက်ဟာကြောင့် မာရိကို အရှက်မရစီချင်။ ယင်းဟာကြောင့် သူဟာ မာရိနဲ့ စေ့စပ်ထားဟာကို တိတ်တိတ်ချေ ဖျက်သိမ်းပီးဖို့ စဉ်းစားလိုက်တေ။ သူဟာ ဒေအကြောင်းတိကို စဉ်းစားနီယေအချိန်မာ နတ်ဒေဝါတစ်ပါးဟာ ယောသပ်ရဲ့ စိတ်ကူးအိပ်မက်ထဲကို ရောက်လာခယေ။ “ယောသပ်၊ မာရိကို အသင့်ရဲ့ မယားအဖြိုက် လက်ခံရဖို့ဟာကို မစိုးရိမ်ကေ့။ သူမ ပဋိသန္ဓေ ဆောင်ထားရယေအချေဟာ ဘုရားရှင်ရဲ့ ဘုန်းတန်ခိုးတော်ကြောင့် ဖြိုက်တေ။ ဒေအချေ မွီးဖွားလာရေအချိန်မာ ယေရှုလို့ရာ နာမေပီးပါ။ယေရှုဆိုယေနာမတော်ဟာ  ကယ်တင်ရှင်လို့ အဓိပ္ပါယ်ရပါယေ။ ဇာဖြိုက်လို့ဆိုကေ သူဟာ လူအပေါင်းကို သူရို့ရဲ့ ဒုက္ခဆင်းရဲကနီ လွတ်မြောက်စီဖို့ ကယ်တင်ဖို့ဟာကြောင့် ဖြိုက်တေ”လို့ နတ်ဒေဝါက ပြောခယေ။ ယောသပ်ဟာ မာရိကို ဇနီးမယားအဖြိုက် လက်ခံယေ။ ယင်းအချိန်မာ ရောမအင်ပါယာရဲ့ စစ်တပ်က ဂျူးလူမျိုးတိရဲ့ မိသားစု လူဦးရေစာရင်းတိကို ရေတွက်ချင်ဟာကြောင့် သူရို့ရဲ့ မိသားစုတိပါးကို ပြန်လားဖို့ စီခိုင်းခယေ။ ယင်းကြောင့် မာရိနဲ့ယောသပ်ရို့ဟာ ဝီးကွာရေအရပ်မာဟိယေ ဗက်လင်မြို့ကို လားခရယေ။

ယင်းနီရာမာဟိခါ  မာရိမွီးဖွားဖို့ နီးကပ်လာယေ အချိန်ကာလဖြိုက်တေ။ ယင်းအပြင် မာရိနဲ့ယောသပ်ရို့ရဲ့ မိသားစုတိဟာ ဗက်လင်မြို့မှာ မဟိရာ။သူရို့ ယင်းမြို့ကို ရောက်လားယေခါ တည်းစရာ နီရာတိမာ လူအပြည့်ဖြိုက်နီရာ။ ယောသပ်ဟာ နွားတင်းကုပ် တစ်ခုမာ နီဖို့ပြင်ဆင်ခယေ။ ယင်းနိန့်ညမာ မာရိဟာ ကိုယ်တော်ယေရှုကို ဖွားမြင်တော်မူခယေ။ ကယ်တင်ရှင်ဘုရား ဖွားမြင်ခရာ။  မာရိဟာ အချေယေရှုကို အနှီးနဲ့ ပတ်ထားပြီးကေ နွားစာခွက်ထဲမာ သိပ်ထားခယေ။ ယင်းနိန့်ညမာ အနီးအနားမာဟိယေ စားကျက်ထဲက သိုးတိကို ထိန်းကျောင်းနီယေ သိုးထိန်းအုပ်စုဟိခယေ။ ချက်ချင်းဆိုပိုင် နတ်ဒေဝါတစ်ပါးဟာ သိုးထိန်းတိနဲ့အတူ လာရပ်နီခပြီးကေ အာကာတစ်ခုလုံးဟာ အလင်းရောင်တိနဲ့ လင်းထိန်လားခယေ။ သိုးထိန်းတိကလည်း လန့်လားခယေ။ ယင်းအခါ နတ်ဒေဝါက “မကြောက်ကတ်ပါကေ့။ ငါဟာ အသင်ရို့ကို သတင်းကောင်းပီးဖို့ လာဟာဖြိုက်တေ”လို့ ပြောခယေ။ ယင်းနောက် အနီးမာဟိယေ မြို့ကို ညွှန်ပြပီးကေ “ဒေနိန့်  ကယ်တင်ရှင်ဘုရားကို ဗက်လင်မြို့မှာ ဖွားမြင်ခပြီးရာ ဖြိုက်တေ။ သူဟာ မေရှိယ (ကယ်တင်ရှင်) ဖြိုက်တေ။ ယင်းအရပ်ကိုလားပြီးကေ နွားစာခွက်ထဲမာဟိယေ အနှီးနဲ့ပတ်ထားယေ အချေယေရှုကို လားရောက်ဖူးမြင်ကတ်ပါ”လို့ ပြောခယေ။ ချက်ချင်း အာကာတစ်ခုလုံးဟာ ကိုယ်တော်ယေရှုကို လာရောက်ဖူးမြော်ကတ်တေ နတ်ဒေဝါအပေါင်းရို့နဲ့ ပြည့်နှက်လားခယေ။ ယင်းနတ်ဒေဝါတိဟာ “ကြီးကျယ်မြင့်မြတ်တေ ဘုရားရှင်ကို ဆည်းကပ်ပါယေ။ ဒေကမ္ဘာမြီထက်က လူသားတိုင်းကို ငြိမ်းချမ်းစီပါ”လို့ ချီးမွမ်းသီချင်းတိ ဆိုခကတ်ပြီးကေ ပျောက်ကွယ်လားခယေ။ သိုးထိန်းသမားတိကလည်း ယင်းနတ်ဒေဝါတိ ပြောခယေအတိုင်း ချက်ချင်းလုပ်ခယေ။ သူရို့ဟာ ဗက်လင်မြို့ကို လားပနာ မာရိ၊ ယောသပ်နဲ့အချေယေရှုရို့ကို နတ်ဒေဝါတိ ပြောခယေအတိုင်း မြင်တွိခရယေ။ သိုးထိန်းသမားတိဟာ လူတကာတိုင်းကို ပဇောင်ပဇောင်ဖြိုက်ပျက်ခဟာကို ပြန်ပြောခယေခါ လူတိဟာ ကောင်းအံ့သြလားခကတ်တေ။ယင်းနောက် သူရို့ဟာ စားကျက်ကွင်းထဲကို ပြန်လာခကတ်တေ။ သူရို့ မြင်ခယေအရာတိအတွက် ဘုရားရှင်ကို ချီးမွမ်းထောပနာ ပြုကတ်တေ။

အရှေ့အာရှဖက်က ဉာဏ်ပညာရှိတိဟာ မေရှိယကို ဖွားမြင်ပြီးခရာ ဖြိုက်ကြောင်းကို ကြားသိကတ်တေအတွက် အစ္စရေးနိုင်ငံ အနောက်အရပ်ကို မေရှိယကို ဖူးမြင်ဖို့ လာခကတ်တေ။ သူရို့ဟာ အရှေ့အရပ်က ထွက်ယေ ထူးခြားတဲ့ ကြယ်ရဲ့လမ်းပြမှုနောက်ကိုလိုက်ပနာ အစ္စရေးပြည်မာဟိယေ အချေယေရှုပါးကို လာခကတ်တေ။

ပညာရှိတိဟာ ရောမအင်ပါယာရဲ့  ဘုရင်ခံကို မေရှိယဟာ အဇာအရပ်မာ ဖွားမြင်ခလဲ”လို့ မေးခကတ်တေ။ ဘုရင်ခံဟာ ဖွားမြင်လာယေ ကယ်တင်ရှင်ကို မနာလိုစိတ်ဖြိုက်ခယေ။ အကြောင်းမာ ကယ်တင်ရှင်ဟာ အစ္စရေးနဲ့ ကမ္ဘာမြီကီးရဲ့ ဘုရင်ဖြိုက်လာလိမ့်မေ လို့ ဟောကိန်းထုတ်ထားခဟာကြောင့် ဖြိုက်တေ။ မေရှိယ၊ ခရစ်တော်ဆိုဟာ ကယ်တင်ရှင်”လို့ အဓိပ္ပါယ်ရယေ။ ဘုရင်ခံဟာ စစ်သားတိကို အချေယေရှုကို သတ်ဖို့ စီခိုင်းလိုက်တေ။ ယေတာလည်း နတ်ဒေဝါတိက ယောသပ်ကို

အာဖရိကအရပ်မာဟိယေ အီဂျစ်ပြည်ကို ထွက်ပြီးတိမ်းရှောင်ဖို့ အိပ်မက်ပီးခယေ။ ပညာရှိတိဟာ အချေယေရှုကို တွိမြင်ယေအခါ ရှိခိုးခကတ်တေ။ သူရို့ ယူလာယေ ရွှေမြှားကို လက်ဆောင် ပီးခယေ။ ထူးခြားကောင်းမွန်ယေ အမွှေးနံ့သာတိနဲ့ ချီးမွမ်းပူဇော်ခကတ်တေ။



3

## ၃။ကိုယ်တော်ယေရှုက ကရုဏာတရားကို သင်ကြားပြသခြင်း (လုကာ ၁၀ : ၂၅ - ၃၇)

တစ်ခါတုန်းက ဥပဒေတတ်ကျွမ်းတေလူတစ်ယောက်ဟာ ကိုယ်တော်ယေရှုရဲ့ ဘုန်းတန်ခိုးနဲ့ ဉာဏ်ပညာကို စမ်းသပ်ယေအနီနဲ့ ကိုယ်တော်ယေရှုကို အဆုံးမဟိယေ နိစ္စထာဝရအသက်ကို ရဖို့အတွက် အဇာလုပ်ရဖို့ရောင်လို့ မီးခွန်းထုတ်ခယေ။ယင်းခါ ကိုယ်တော်ယေရှုက ယင်းဥပဒေတတ်ကျွမ်းတေလူကို "ဥပဒေမာ အဇာတိ ပြဌာန်းထားရောင်၊ ယင်းမာ ပြဌာန်းထားယေ အချက်အလက်တိကို အသင် ပဇောင် ဖတ်ရှုပါရောင်"လို့ ပြန်လို့ မီးတော်မူခယေ။

"အသင်ရို့ရဲ့ အသည်းနှလုံး၊ နာမ်ဝိညာဉ်၊ စိတ်ဓာတ်စွမ်းအား ဟိသမျှတိနဲ့ ဘုရားရှင်ကို ကြည်ညိုသဒ္ဒါပွားပါ။ ကိုယ့်ဟာကိုချစ်ပိုင်မျိုး အရာလူတိကို ချစ်ခင်လေးစားပါ"လို့ ယင်းလူက ပြန်လို့ ဖြေကြားလိုက်တေ။ ကိုယ်တော်ယေရှုက "သင့်မာ မှန်ကန်ယေ အဖြေဟိပါယေ" လို့ ပြန်ဖြေခယေ။ ယေတာလည်း ယင်းအမှန်တရားကို အတည်ပြုဖို့အတွက် ဥပဒေတတ်ကျွမ်းယေလူက "ကျွန်ုပ်ရဲ့အိမ်နားပါးချင်းဆိုဟာ ပဇောင်လူမျိုးဖြိုက်ပါရောင်"လို့ ပြန်မေးခယေ။

ကိုယ်တော်ယေရှု ပြန်ဖြေကြားခဟာက တစ်ခါတုန်းက လူတစ်ယောက်ဟာ ဂျေရုဆလင်မြို့က ယေရိခေါမြို့ကိုလားယေအခါ လမ်းခရီးမာ ဓားပြတိက သူ့အဝတ်အစားတိကို ချွတ်ယူပနာ သီလုမြောပါးသတ်ပနာ အဝီးကို ထွက်လားခယေ။ ယပြီးကေ ဓမ္မဆရာတစ်ယောက်ဟာ ယင်းလမ်းအတိုင်းလာခါ ဒဏ်ရာတိနဲ့လဲကျနီယေ သူ့ကိုမြင်ဟာကြောင့် အရာလမ်းက ရှောင်လားခယေ။ ယင်းလမ်းအတိုင်း လေဝိမျိုးနွယ်ဝင်တစ်ယောက်လည်း ယင်းလမ်းကဖြတ်လာပနာ သူ့ကိုမြင်ခါ အရာလမ်းကရှောင်လို့လားခယေ။ ယေတာလဲ ရှမာရိမြို့ကလူတစ်ယောက်ဟာ ယင်းလမ်းကဖြတ်လျှောက်လာပြီးကေ ဒဏ်ရာတိနဲ့လဲကျနီယေ ယင်းလူကို မြင်လိုက်ရယေအခါ သနားစိတ်ဝင်ခယေ။ သူ့ရဲ့ဒဏ်ရာတိ သက်သာစီဖို့ ဆီနဲ့ စပျိုက်ရည်ကို လိမ်းပီးခယေ။ သူ့ကို ဂရုစိုက်ပနာ ဆီးကုပီးဖို့အတွက် သူ့ရဲ့မြည်းထက်ကို တင်ပြီးကေ တည်းခိုခန်းချေတစ်ခုကို ခေါ်ဆောင်လားခယေ။ နောက်တစ်ရက်မာ တည်းခိုခန်းပိုင်ရှင်ကို ငွေဒင်္ဂါးနှစ်ပြားထုတ်ပီးပနာ သူ့ကိုဂရုစိုက်စောင့်ရှောက်ပီးဖို့နဲ့ အပိုကုန်ကျတဲ့ပေသာများကေလည်း ပြန်လာခါ ပြန်ပီးပါမေလို့ မှာပနာ ခရီးဆက်လားခယေ။ ကိုယ်တော်ယေရှုက " ဒေလူသုံးယောက်ထဲက ဓားပြတိုက်ခံရယေလူရဲ့ အိမ်နားပါးချင်းအစစ်ဟာ အသူဖြိုက်ဖို့ထင်ရောင်"လို့ မီးခါ "ကရုဏာတရားဟိယေလူပါ"လို့ ဥပဒေပညာရှင်က ပြန်ဖြေခါ ကိုယ်တော်ယေရှုက ဒေနည်းလမ်းအတိုင်း လိုက်နာ ကျင့်သုံးပါလို့ ပြန်နာ မိန့်ကြားခယေ။


4

## ၄။နောင်တသံဝေဂရနီတဲ့ အပြစ်ဒုစရိုက်သမားတစ်ယောက်ကို ဘုရားရှင် ကယ်တင်တော်မူခြင်း (လုကာ ၁၉ : ၁-၁၀)

တစ်ခါတုန်းက ကိုယ်တော်ယေရှုဟာ ယေရိခေါမြို့ကို ဖြတ်လားနီခပါယေ။ ယင်းမြို့မှာ ဇက္ခဲလို့ခေါ်ယေ လူအများပါးက မတရားလိမ်ပနာ ကောက်လို့ရထားယေအခွံတိနဲ့ ချမ်းသာလာယေ အခွန်ကောက်တေလူတစ်ယောက်ဟိယေ။ သူဟာ ကိုယ်တော်ယေရှုကို ဖူးမြော်ချင်တာလည်း အရပ်ပုတဲ့ လူတစ်ယောက်ဖြိုက်ပြီးကေ လူများနီဟာကြောင့် ကိုယ်တော်ယေရှုကို ဖူးမြော်ခွင့်ရဖို့အတွက် အခက်အခဲကြုံနီခရပါယေ။ ယင်းကြောင့် သူဟာ အရှေ့ဖက်ကို ပြီးလားပြီးကေ ကိုယ်တော်လာဖို့လမ်းမာဟိယေ သဖန်းပင်ထက်ကို တက်ပနာ ဖူးမြော်ခပါယေ။ ကိုယ်တော်ယေရှု ယင်းသဖန်းပင်နားရောက်ယေအခါ ကိုယ်တော်က သူ့ကိုကေ့ပနာ “ဇက္ခဲ အဂုချက်ချင်း ဆင်းလာခ။ငါ ဒေနိန့် မတ်ရဲ့အိမ်မာ နီဖို့ “လို့ ပြောလိုက်ခါ သူဟာ သဖန်းပင်ထက်က တစ်ခါတည်းဆင်းလာပြီးကေ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ပါယေ။ ယင်းအဖြိုက်အပျက်ကို လူတိအားလုံး မြင်လားကတ်ပြီးကေ “မတရားလိမ်ပနာအခွန်ကောက်တဲ့ ဒုစရိုက်သမားတစ်ယောက်ပါးကို လားလို့တည်းယေ” ဆိုပနာ ဝေဖန်ပြောဆိုနီခကတ်တေ။ ယင်းအချိန်မာ ဇက္ခဲက မတ်တပ်ရပ်လိုက်ပြီးကေ ကိုယ်တော်ကို “ ကေ့ရှုတော်မူပါ အရှင်၊ ကျွန်ုပ် လူတိပါးက အခွန်တိ မတရားလိမ်ပနာကောက်ယူပြီးကေ ကျူးလွန်ခယေ အပြစ်ဒုစရိုက်တိကို ဝန်ခံပါယေ။ ကျူးလွန်ခယေ အပြစ်ဒုစရိုက်တိအတွက်လည်း နောင်တသံဝေဂ ရနီပါယာ။ အဂုအချိန်ကစပနာ ကျွန်ုပ်ပိုင်ဆိုင်ယေ ပေသာ၊ ပစ္စည်းဥစ္စာတိရဲ့ တစ်ဝက်ကို မရှိဆင်းရဲသားတိအတွက် လှူဒါန်းပီးပါမေ။ တစ်ချို့လူတိပါးက လိမ်ပနာ ရယူထားတဲ့ ငွေလေးဆ ပမာဏကိုလည်း ကျွန်ုပ် ပြန်လို့ ပီးအပ်ပါဖို့” လို့ ပြောခပါယေ။ ယင်းခါ ကိုယ်တော်ယေရှုက “ဒေနိန့် ဒေအိမ်ဟာ ကယ်တင်ခြင်းကို ရခရာ။ အဇာဖြိုက်လို့ဆိုကေ အာဗြဟံရဲ့ သားတော်တစ်ယောက်ဖြိုက်တဲ့ ဒေလူဟာ ကယ်တင်ခြင်းကို ရခပိုင်မျိုး လမ်းပျောက်နီယေလူတိအတွက်လည်း ကယ်တင်ခြင်းကိုရလိမ့်မေ”လို့ ပြောခပါယေ။



## ၅။ကိုယ်တော်ယေရှု မကောင်းဆိုးဝါးကို နှင်ထုတ်ခြင်း (မဿဲ ၈ : ၂၈-၃၄၊ လုကာ ၈ : ၂၆ - ၃၉၊ မာကု ၅ : ၁-၂၀)

တစ်ရက်နိန့်ခါ ကိုယ်တော်ယေရှုနဲ့ သူ့တပည့်တော်တိဟာ လောင်းနဲ့ ကမ်းခြေတစ်ခုကို ဆိုက်ရောက်ခပါယေ။ ယင်းနီရာမာ သင်္ချိုင်းဂူတိမာ နီယေမကောင်းဆိုးဝါး ဝင်ပူးခံနီရယေလူတစ်ယောက်လည်း ဟိယေ။ ယင်းမကောင်းဆိုးဝါး ဝင်ပူးခံနီရယေလူကို နှင်ထုတ်နိုင်ယေ အားကောင်းယေလူ တစ်ယောက်တောင်မဟိ။ လူတိဟာ သူ့ကို သံကြိုးတိနဲ့ ချိုင်ထားဖို့ အကြိမ်ကြိမ် ကြိုးစားခကတ်တေ။ ယေတာလည်း သူဟာ ယင်းသံကြိုးတိကို အလွယ်ချေနဲ့ ဖျက်နိုင်ခယေ။ သူဟာ ကိုယ်တုံးလုံးနဲ့ တောင်ကုန်းတိနဲ့ သင်္ချိုင်းဂူတိတဝိုက်မာ လှည့်လည်လားလာနီယေလူ ဖြိုက်ပါယေ။ သူဟာ အော်ငိုပနာ သူ့ဟာသူ ကျောက်တုံးတိနဲ့ လှီးဖြတ်တတ်ပါယေ။

သူဟာ ကိုယ်တော်ယေရှုနဲ့ သူ့ရဲ့တပည့်တော်တိ လောင်းထက်က ဆင်းလာဟာကို မြင်လိုက်ယေအချိန်မာ ကိုယ်တော်ပါးကိုပြီးထွက်လားပြီးကေ ကိုယ်တော်ရဲ့ ရှေ့တော်မှောက်မာ ဒူးထောက်ခပါယေ။ ယင်းနောက် သူက “အကျွန်ုပ်တို့ဟာ အရှင် အသူရောင်ဆိုဟာကို သိပါယေ။ အရှင်ဟာ ကြီးကျယ်မြင့်မြတ်ယေ ဘုရားရှင်ရဲ့ သားတော်ဖြိုက်တေ။ ကျွန်ုပ်ရို့တောင်းပန်ပါယေ။ ကျွန်ုပ်ရို့ကို မညှင်းပန်းပါကေ့”လို့ ကိုယ်တော်ယေရှုကို အော်ပြောခပါယေ။

ယင်းခါ ကိုယ်တော်ယေရှုက သူ့ကို “အသင်ရဲ့ နာမေပဖောင်ခေါ်ပါရောင်”လို့ မီးခါ သူကလည်း ”မကောင်းဆိုးဝါး အစုအဝေးလို့ အဓိပ္ပါယ်ရတဲ့ လေဂေါင်လို့ ခေါ်ပါယေ။ ကျွန်ုပ်ရို့ကို အလွန်တရာနက်တေ ချောက်ထဲကို မပို့ပါကေ့။ အရှင် ကေ့ပါ။ ယင်းနားက တောင်ကုန်းထက်မာ ဝက်တိ အစာစားနီယေ။ ယင်းဝက်တိပါးကို အကျွန်ုပ်ရို့ကို ပို့ပီးပါ” လို့ ခွင့်ပန်လိုက်ပါယေ။ ကိုယ်တော်ယေရှုက ယင်းဝက်တိကို ကေ့ပြီးကေ “အသင် လားနိုင်ရာ”လို့ ပြောလိုက်တေ။ ယင်းနောက်မာ ယင်းမကောင်းဆိုးဝါးတိဟာ ယင်းလူပါးက ထွက်လားပြီးကေ ဝက်တိပါးကို ဝင်ရောက်လားခကတ်ပါယေ။ ယင်းခါ ဝက်အကောင်ရေ နှစ်ထောင်စလုံးဟာ တောင်အောက်ကို ပြီးဆင်းပနာ မြစ်ထဲကို ခုန်ချပြီးကေ မြုပ်လားခကတ်တေ။ ယင်းအဖြိုက်အပျက်တိကို မြင်လိုက်ရယေ ဝက်တိကို ထိန်းကျောင်းတဲ့ လူတိဟာ မြို့ထဲကို အပြီးလားပနာ သူရို့ကြုံခရယေ အဖြိုက်အပျက်တိကို လူတိကို ပြန်လို့ ပြောပြခယေ။ ယင်းခါ လူတိက ယင်းအဖြိုက်အပျက်တိကို သူရို့ကိုယ်တိုင် မျက်မြင်တွိရဖို့အတွက် စုရုံးရောက်လာခကတ်တေ။ သူရို့ရောက်လာယေအခါ မကောင်းဆိုးဝါးဝင်ပူးခံနီရတဲ့လူဟာ အဝတ်အစား အပြည့်အစုံဝတ်ပနာ ငြိမ်လို့ထိုင်နီပြီးကေ စိတ်ဟာအကောင်းအတိုင်း ပြန်ဖြိုက်လားဟာကို တွိခရယေ။ ယင်းလူက သူအဇာတိ ဖြိုက်ပျက်ခယေဆိုဟာကို အရာလူတိသိအောင် ထပ်လို့ ပြောပြခယေ။ယင်းခါ လူတိဟာ ကိုယ်တော်ယေရှုကို ကြောက်လားကတ်ပနာ ထွက်လားဖို့ တောင်းဆိုခကတ်တေ။

ကိုယ်တော်ယေရှု လောင်းထက်ကို ပြန်ရောက်ယေအခါ မကောင်းဆိုးဝါးဝင်ပူးခံနီရယေလူက ကျေးဇူးပြုလို့ ကျွန်ုပ်ကိုပါ ကိုယ်တော်ယေရှုနဲ့အတူ လိုက်ခွင့်ပီးပါလို့ ပြောလိုက်တေ။ ယေတာလဲ ကိုယ်တော်ယေရှုက သူ့ကို “ မတ်ရဲ့ လူတိပါးကို ပြန်လားပါ။ ဘုရားရှင်က အသင့်အတွက် အဇာလောက်ထိ

လုပ်ပီးခယေဆိုဟာကို လူတိကို ပြောပြပါ။ ဘုရားရှင်က အသင့်အပေါ်မာ ထားရှိယေ မေတ္တာ၊ အကြင်နာတရားတိကို ပြောပါ”လို့ ပြောပြီးကေ ကိုယ်တော်ယေရှုနဲ့ သူရဲ့ တပည့်တော်တိဟာ ရီကန်ရဲ့ တစ်ဖက်မာဟိယေ ဂျူးလူမျိုးတိပါးကို ထွက်လားခကတ်တေ။ မကောင်းဆိုးဝါးပူးကပ်ခံယေလူဟာ သူနီထိုင်တဲ့မြို့ကို ပြန်လားခပြီးကေ ကိုယ်တော်ယေရှုက သူ့အတွက် လုပ်ပီးခဟာတိကို လူတိကို ပြန်လို့ ပြောပြယေအခါ လူတိက တအံ့တဩ ဖြိုက်ခကတ်ပါယေ။




6

## ၆။ကိုယ်တော်ယေရှု လူပေါင်း ၅၀၀၀ကို ကျွေးမွေးတော်မူခြင်း (ယောဟန် ၆ : ၁ - ၁၅)

နောက်တစ်ခေါက်ကျရင် ကိုယ်တော်ယေရှုဟာ ဂါလိလဲပင်လယ်နဲ့ ဝီးကွာယေ ပင်လယ်ကမ်းခြေတစ်ခုကို ဖြတ်လားခယေ။ လူတိက ကိုယ်တာ်ယေရှုဟာ နီမကောင်းဖြိုက်နီယေလူတိကို ကုသပီးနိုင်ကြောင်း မြင်တွိခရယေအတွက် များပြားယေလူပရိတ်သတ်တိဟာ ကိုယ်တော်ယေရှုရဲ့အနောက်က လိုက်လာခကတ်တေ။ ယင်းနောက် ကိုယ်တော်ယေရှုနဲ့ သူ့ရဲ့ တပည့်တော်တိဟာ တောင်ထက်သို့တက်ပနာ ထိုင်နီခကတ်တေ။ ယင်းအချိန်ခါ ပသခါပွဲတော်လို့ခေါ်ယေ အစ္စရေးလူမျိုးတိ အီဂျစ်ပြည်ကနီ လွတ်မြောက်တဲ့ အထိမ်းအမှတ်ပွဲတော် ကျင်းပဖို့အချိန် နီးကပ်နီယာလည်းဖြိုက်တေ။ အလွန်တရာများယေ လူအုပ်ကီးဟာ ကိုယ်တော်ပါးကို လာနီဟာကို တွိရယေအခါ ကိုယ်တော်ယေရှုက ဖိလိပ္ပုကို “ ဒေလူတိ စားသောက်ဖို့အတွက် အစားအသောက်တိကို ငါရို့ အဇာမာဝယ်လို့ ရနိုင်ဖို့ရောင်”လို့ မီးလိုက်တေ။ ကိုယ်တော်ယေရှုက ဖိလိပ္ပုကို စမ်းသပ်ချင်လို့ ယင်းပိုင် မီးလိုက်ဟာဖြိုက်တေ။ ကိုယ်တော်ယေရှုဟာ အဇာလုပ်ရဖို့ဆိုဟာကို သိနီပြီးသားဖြိုက်တေ။ ဖိလိပ္ပုက “ဒေအလွန်တရာများယေ လူတိအတွက် ပေါင်မုန့်တစ်ကိုက်စာလောက် ရှာရဖို့ဆိုကေတောင်၊ နှစ်တစ်ဝက် (၆လ)ထက်မက များယေပေသာ လိုပါလိမ့်မေ”လို့ ပြန်ဖြေကြားခပါယေ။ အရာတပည့်တော်တိထဲကတစ်ယောက်ဖြိုက်တေ ရှိမုန်ပေတရုရဲ့ညီ အန္ဒြေကလည်း “ဒေမာဟိယေ လူငယ်ချေ (အကောင်ချေ)တစ်ယောက်ပါးမာ စားသောက်ဖို့အတွက် ဂျုံပေါင်မုန့်ငါးခုနဲ့ ငါးနှစ်ကောင် ဟိပါယေ။ ယေတာလဲ အလွန်တရာများယေ လူအုပ်ကီးအတွက်ကျရင် မလောက်ဆိုဟာ သေချာယေ ”လို့ ပြန်လို့ ဖြေကြားခယေ။ ယင်းအချိန်မာ ကိုယ်တော်ယေရှုက အရေအတွက်အနီနဲ့ လူပေါင်းငါးထောင်ကျော်လောက်ဟိတဲ့ လူအုပ်ကီးကို မြက်ခင်းပြင်ထက်မာ ထိုင်ဖို့ပြောတေ။ ကိုယ်တော်ယေရှုဟာ လူငယ်ချေ(အကောင်ချေ) ပါးက ပေါင်မုန့်ကို ယူလိုက်ပနာ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပြီးယေခါ ထိုင်နီယေလူအုပ်ကီးအတွက် ပေါင်မုန့်တိကို သူရို့ လိုချင်သလောက် မျှဝီပီးနိုင်ခပါယေ။ ငါးတိကိုလည်း ယင်းနည်းအတိုင်းရာ လုပ်ပီးခယေ။ လူတိအားလုံး စားသောက်ပြီးယေအခါ ကိုယ်တော်ယေရှုက သူ့ရဲ့တပည့်တော်တိကို “လူတိစားသောက်ပြီးလို့ ပိုလျှံတဲ့ အစားအသာက်တိကို သိမ်းဆည်းလိုက်ပါ။ အလေအလွင့် မဖြိုက်ပါစီကေ့”လို့ ပြောကြားလိုက်တေ။ ယင်းကြောင့် တပည့်တော်တိဟာ ပေါင်မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်ကနီ လူတိစားသောက်လို့ ပိုလျှံယေ အစားအသောက်တိကို ခြင်းတောင်းကီး ဆယ့်နှစ်တောင်းအပြည့် လိုက်သိမ်းခရယေ။

လူတိဟာ ကိုယ်တော်ယေရှုရဲ့ ကျွေးမွေးပီးဟာတိကို မြင်ပြီးယေအခါ “ဒေဟာ ကမ္ဘာကို ကြွရောက်လာဖို့ဆိုယေ အရိယာသူတော်စင်ရာ ဖြိုက်တေ”လို့ ပြောခကတ်တေ။ ကိုယ်တော်ယေရှုဟာ သူ့ကို လူတိက သူရို့ရဲ့ဘုရင်အဖြိုက်ကို တွန်းပို့ချင်ဟာကို သိတော်မူဟာကြောင့် တောင်ကုန်းထက်ကို ပြန်လာခရယေ။


7

## ၇။ကိုယ်တော်ယေရှုကို လက်ဝါးကပ်တိုင်ထက်ကို တင်ပနာ သတ်ခြင်း (လုကာ ၂၃ : ၁-၅၆)

ကိုယ်တော်ယေရှုဟာ သစ္စာဖောက်ခြင်းကို ခံရဖို့၊ ဂျူးလူမျိုးအကြီးအကဲတိနဲ့ ရောမစစ်တပ်သားတိရဲ့ လက်ထဲကို အအပ်ခံရပြီးကေ လက်ဝါးကပ်တိုင်ထက်မာတင်ပနာ အသတ်ခံရဖို့၊ သုံးရက်မြောက်တေနိန့်မာ အသက်ပြန်ရှင်ဖို့လို့ ကြိုတင်ဟောကိန်းထုတ်ထားခယေ။ သူ့ရဲ့သီဆုံးခြင်းက မတော်တဆဖြိုက်စဉ်မဟုတ်ပဲနဲ့ ကမ္ဘာပေါ်မာဟိယေ အပြစ်သားတိရဲ့ အပြစ်တိကို ခွင့်လွှတ်ခြင်းခံရဖို့အတွက် ဘုရားရှင်ရဲ့ အစီအစဉ်တိထဲကတစ်ခု ဖြိုက်တေ။ ပြီးကေ သူကြိုပနာဟောပြောခယေအတိုင်း ဖြိုက်ခယေ။ ကိုယ်တော်ယေရှုရဲ့ တပည့်တိထဲကတစ်ယောက်ဖြိုက်တေ ယုဒဟာ ကိုယ်တော်ယေရှုကို ပေသာအတွက်နဲ့ သစ္စာဖောက်ခပြီးကေ ဂျူးတရာရုံးရှေ့မာ အပြစ်ဒဏ်ခံရဖို့အတွက် ကိုယ်တော်ယေရှုဟာ မေရှိယဘုရင်ဖြိုက်ပါယေလို့ လိမ်ပနာပြောဆိုခယေ။ ရောမဧကရာဇ်ပါးကို ပြည်သူတိ အခွန်ခ မပီးဖို့အတွက် စည်းရုံးသင်ကြားပီးခယေဆိုပနာ လိမ်ပနာပြောခယေ။ ကိုယ်တော်ယေရှုဟာ စစ်သားတိရဲ့ ဖမ်းဆီးခေါ်ဆောင်ဟာကို ခံခရပြီးကေ သူခိုးနှစ်ယောက်နဲ့အတူ လက်ဝါးကပ်တိုင်ထက်မာ ချိတ်ဆွဲထားဟာကို ခံခရယေ။ စစ်သားတိက  ကိုယ်တော်ယေရှုကို သတ္တုနဲ့ လုပ်ထားယေကြာပွတ်နဲ့ ၃၉ ခေါက် သတ်နာ နှိပ်စက်ခယေ။ ကိုယ်တော်ယေရှုရဲ့ ဝတ်ရုံကို ချွတ်ပနာ သတ်ပြီးကေ လှောင်ပြောင်ခကတ်တေ။ လက်ဝါးကပ်တိုင်ထက်မာ လက်နဲ့ ခြေတိကိုလည်း သံနဲ့ ရိုက်သတ်ခကတ်တေ။ ကိုယ်တော်ယေရှုဟာ လက်ဝါးကပ်တိုင်ထက်မာ ခြောက်နာရီကြာအောင် ချိတ်ဆွဲခံရပြီးခါ သူ့ကို နှိပ်စက်သတ်ဖြတ်နီလူတိကို ခွင့်လွှတ်ပီးဖို့အတွက် ဘုရားရှင်ပါးမာ တောင်းဆိုခယေ။ ကိုယ်တော်ယေရှုဟာ အသံအကျယ်ကီးနဲ့ အော်ပြီးကေ “ အဖ ဘုရားရှင်၊ ကျွန်ုပ်ရဲ့ အသက်ဝိညာဉ်တော်ကို အသင့်လက်ထဲသို့ အပ်နှင်းပါယေ”လို့ ပြောပြီးကေ နောက်ဆုံးထွက်သက်ကို ရှူရှိုက်လိုက်ပါယေ။ ရောမအရာရှိဟာ အားလုံးကို မြင်တွိပြီးခါ ဘုရားရှင်ကို ဆုတောင်းပနာ “ဒေသူဟာ အမှန်ကို သူတော်စင်ရာ” လို့ ပြောခယေ။ ယင်းအချိန်မာ အဖြိုက်အပျက်အားလုံးကို မျက်မြင်သက်သီအဖြိုက် ကေ့ဖို့အတွက် စုနီယေလူအုပ်ကီးကလည်း ယင်းအရာတိကို တွိပြီးရေအခါ ရင်ထုမနာ ဖြိုက်ခကတ်ပြီးကေ ထွက်လားခကတ်တေ။ ဂါလိလဲဒေသကစလို့ ကိုယ်တော်ယေရှုနောက်ကို လိုက်ခကတ်တဲ့ မမာ့တိ၊ ကိုယ်တော်ယေရှုကို သိတဲ့လူတိကလည်း မလှမ်းမကမ်းမာ ရပ်နီကတ်ပြီးကေ အဖြိုက်အပျက်တိကို ကေ့နီခကတ်ပါယေ။ ကောင်စီအဖွဲ့ဝင်တစ်ယောက်ဖြိုက်တဲ့ ယောသပ်ဆိုဟာ ရိုးသားဖြောင့်မတ်တဲ့လူတစ်ယောက်ဖြိုက်ပြီးကေ ကိုယ်တော်ယေရှုကိုလုပ်ခယေ လုပ်ရပ်နဲ့ ဆုံးဖြတ်ချက်တိကို သဘောမကျတဲ့လူ တစ်ယောက်လည်း ဖြိုက်တေ။ ယောသပ်ဟာ အရိမသဲရွာကနီ လာတဲ့လူဖြိုက်ပြီးကေ ဘုရားရှင်ရဲ့ သာသနာတော်ကို စောင့်မျှော်နီတဲ့လူ တစ်ယောက်လည်းဖြိုက်တေ။ ယောသပ်ဟာ ပိလတ်ဘုရင်ပါးကို လားပြီးကေ ကိုယ်တော်ယေရှုရဲ့ ရုပ်အလောင်းတော်ကို ပြန်လို့ တောင်းခံခယေ။ သူဟာ ရုပ်အလောင်းတော်ကို ယူလာပြီးကေ နူးညံ့ယေ ချည်သားအဝတ်စနဲ့ သေချာပတ်ပနာ လူတစ်ယောက်တောင်မှသင်္ဂြိုလ်ထားဟာမဟိတဲ့ ကျောက်ဂူသင်္ချိုင်းထဲမာ နီရာချထားခယေ။ ယင်းနိန့်ဟာ ပြင်ဆင်တဲ့နိန့်ဖြိုက်ပြီးကေ  ဥပုသ်နိန့်မရောက်ခင်  တစ်ရက်အလိုဖြိုက်တေ။ ကိုယ်တော်ယေရှုနဲ့အတူတူ ဂါလိလဲဒေသကလာခယေ မမာ့တိကလည်း ယောသပ်နဲ့

လိုက်ခပြီးကေ ဂူသ်ချိုင်းမာဟိယေ ကိုယ်တော်ယေရှုရဲ့ရုပ်အလောင်းကို လာလို့ ကေ့ရှုခယေ။ ယင်းနောက်မာ အိမ်သို့ ပြန်လားခပြီးကေ အမွှီးနံ့သာရည်တိကို ပြင်ဆင်ခယေ။



8

## ၈။ကိုယ်တော်ယေရှု သီခြင်းကနီ အသက်ပြန်ရှင်ခြင်း (လုကာ၂၄ : ၁ - ၈)

ခုနှစ်ရက်တစ်ပတ်ရဲ့ ပထမဆုံးနိန့် မိုးထစောစောမာ ကိုယ်တော်ယေရှုရဲ့ နောက်လိုက် မမာ့တိဟာ ပြင်ဆင်ထား ယေ အမွှီးနံ့သာရည်တိကိုယူလာပနာ သင်္ချိုင်းဂူဟိယေနီရာသို့ ပြန်လာခကတ်တေ။ သူရို့ဟာ သင်္ချိုင်းဂူဟိရေနီရာသို့ ရောက် တေအခါ သင်္ချိုင်းဂူအဝင်ဝပွင့်နီဟာကို မြင်ခကတ်တေ ။ ယေတာလဲ သင်္ချိုင်းဂူအထဲကို ရောက်လားရေအခါ ကိုယ်တော်ယေ ရှု ရဲ့ရုပ်အလောင်းကို မတွေ့ရရာ ။ သူရို့တိဟာ ကောင်းကောင်း အံ့သြနီတုန်းမာ အဝတ်အစား တောက်တောက်ပြောင်ပြောင် ဝတ်ထားရေ လူနှစ်ယောက်ဟာ သူရို့ဘေးမာ ဖြုန်းခနဲ လာရပ်တေ ။ မမါ့တိဟာ ကြောက် လားကတ်ပနာ မြီကြီးနဲ့ ထိပနာ ဝပ်ပြီးကေ ကန်တော့ကတ်တေ။ ယင်းလူတိက "အသင်ရို့ သီယေလူတိကိုထားယေဂူသင်္ချိုင်းထဲမာ ရှင်ယေလူကို အဇာဖြိုက်လို့ ရှာကတ် ယောင် ။ သူကား အေမာမဟိရာ။ သူကား အသက်ပြန်ရှင်ခရာ။ ဂါလိလဲဒေသမာ ဟိနီတုန်းက ကိုယ်တော်ယေရှု အသင်ရို့ ကို ပြောခဟာကို မှတ်မိကတ်လား။ လူသားယေရှုက အပြစ်သားတိလက်ထဲကို အအပ်ခံရပြီးကေ၊ လက်ဝါးကပ်တိုင်ထက်ကိုတင်ပနာ အသတ်ခံရဖို့။သုံးရက်မြောက်တေနိန့်မာ အသက်ပြန်ရှင်လာဖို့လို့ ပြောခဟာကိုမှတ်မိကတ်လား" လို့ပြောလိုက်တေ။

သူရို့အားလုံးဟာ ကိုယ်တော်ယေရှုရဲ့စကားတိကိုပြန်လို့မှတ်မိပနာ ကိုယ်တော်ယေရှုလည်း သူရဲ့တပည့်တော်တိကြားမာ ကိုယ်ထင်ပြယေ။ ယေပနာ ကိုယ်တော်ဟာ " ငြိမ်းချမ်းပါစီ"လို့ နှုတ်ဆက်ယေ။ သူရို့အားလုံးလည်း ကိုယ်တော်ယေရှုကို ဆိတ္တီသရဲလို့ ထင်ခကတ်ပြီးကေ ကြောက်လန့်လားကတ်တေ။ ကိုယ်တော်ယေရှုက"မကြောက်ကတ်ပါကေ့။ ငါ့လက်တိ ခြီတိကို ကေ့ပါ။ငါဟာ ကိုယ်တော် အစစ်ပါ။ ထိကေ့ပါ။ဆိတ္တီသရဲ ဆိုကေ အသွီးအသားတိနဲ့ အရိုးတိ ဟိဖို့မဟုတ်။ ငါ့မှာယာ့တိဟိလို့ အသင်ရို့ငါ့ကိုမြင်ရဟာဖြစ်တေ။ အသင်ရို့မာ စားစရာတစ်ခုခုဟိပါလား"လို့မေးခါ သူ့ရဲ့တပည့်တိကလည်း ငါးကင်တချို့ကို ပီးလိုက်ဟာကြောင့် ကိုယ်တော်ယေရှုက ချက်ချင်း စားပလိုက်တေ။

ကိုယ်တော်ယေရှု နိဗ္ဗာန်ရွှေမြို့တော်ကို မပြန်ခင် သူဟာဒုက္ခဝေဒနာတိကိုခံစားရပြီးကေ သုံးရက်မြောက်တေ နိန့် မာ ပြန်လို့အသက်ရှင်ဖို့လို့ ကတိပီးခယေ။


9

### ၉။ ကိုယ်တော်ယေရှု နိဗ္ဗာန်ရွှေမြို့တော်သို့ပြန်လို့ ကြွမြန်းခြင်း၊ လူမျိုးတကာပါးကို လားပနာ တပည့်တော်တိ မွီးထုတ်ဖို့ သင်ပြခြင်း (မဿဲ ၂၈ : ၁၆ - ၂၀၊ တမန်တော် ၁ : ၁၁)

တပည့်တော်တိဟာ သူရို့ကို ကိုယ်တော်ယေရှုက တပည့်တော်တိအဖြိုက် ရွီးချယ်ခယေ တောင်ထက်ကို လားခ ကတ်တေ။ ယင်းခါ ကိုယ်တော်ယေရှုဟာ ဖြုန်းခနဲ ပေါ်လာဟာကြောင့် တပည့်တော်တိက ကိုယ်တော်ကို ရှိခိုးခကတ် တေ။ ကိုယ်တော်ယေရှုက“ငါ့ကို ဘုရားရှင်က လုပ်ပိုင်ခွင့်အားလုံးကို ပီးခယေ။ ယင်းကြောင့် လူမျိုးတကာပါးကို လားပနာ တပည့်တော်တိ မွီးထုတ်ကတ်ပါ။ သူရို့ကို အဖဘုရား၊ သားတော်ယေရှု၊ ဉာဏ်အလင်းတော်ရဲ့နာမတော်အောက်မာ ရီနှိုက် မင်္ဂလာ ပြုပီးကတ်ပါ။ ငါ့ရဲ့မိန့်ကြားချက် အမှာစကားတိကို လိုက်နာဖို့ သင်ပြကတ်ပါ။ ငါဟာ အသင်ရို့နဲ့ အတူတူဟိနီဟာ ကို အမှတ်ရကတ်ပါ”လို့ မိန့်ကြားခယေ။

ကိုယ်တော်ယေရှုက အသက်ပြန်ရှင်လာပြီးကေ ရက်ပေါင်းလေးဆယ်ထိ တပည့်တော်တိနဲ့ အတူ ဟိနီခယေ။ သူဟာ တပည့်တော်တိကို ဘုရားရှင်ရဲ့ နိဗ္ဗာန်ရွှေမြို့တော်အကြောင်းကို သင်ပြပီးခယေ။ သူဟာ အရာလူတိ ကိုလည်း ကိုယ်ထင်ပြခယေ။ တစ်ခါတုန်းက လူပေါင်းငါးရာလောက်ဟိယေ လူအုပ်ရှေ့မာ ကိုယ်ထင်ပြခယေ။ ယေပနာ ကိုယ်တော်ယေရှုဟာ တပည့်တော်တိကို သံလွင်တောင်ထက်ကို ခေါ်လားခယေ။ ကိုယ်တော်ယေရှုက “ အဖဘုရားပါးက ကတိတော်ကို မရမချင်း ဂျေရုဆလင်မြို့ကို မစွန့်ခွါကတ်ကေ့။ ရှင်ယောဟန်က အသင်ရို့ကို ရီနဲ့ ရီနှိုက်မင်္ဂလာ လုပ်ပီးခ ကေလည်း အသင်ရို့ဟာ မကြာခင်မာ ဘုရားရှင်ရဲ့ ဉာဏ်အလင်းတော်ကြောင့် ရီနှိုက်မင်္ဂလာ ခံယူကတ်ရဖို့” လို့ ကိုယ် တော်ယေရှုက မိန့်ခယေ။ ယေပနာ ကိုယ်တော်ယေရှုရဲ့ တပည့်တော်တိဟာ ကိုယ်တော်ယေရှု နိဗ္ဗာန်ရွှေမြို့တော်ကို ပြန် လို့ ကြွမြန်းတော်မူဟာကို ကေ့နီခကတ်တေ။ ချက်ချင်းဆိုပိုင် နတ်ဒေဝါနှစ်ပါး ပေါ်လာပြီးကေ တပည့်တော်တိကို “ အသင်ရို့ အဇာဖြိုက်လို့ အာကာကို မော့ကေ့နီကတ်ယောင်၊ ဒေကိုယ်တော်ယေရှုကရာ အသင်ရို့ပါးကို နောက်ထပ်ပြန်လို့ ကြွမြန်း လာပနာ အဂုပိုင်မျိုး အသင်ရို့ကို နိဗ္ဗာန်ရွှေမြို့တော်ကို ခေါ်လားပါလိမ့်မေ” လို့ ပြောကြားခယေ။



## ၁၀။ နိဗ္ဗာန်ရွှေမြို့တော်ရဲ့အရှင်သခင်ယေရှု (ဗျာဒိတ်တော်ကျမ်း ၂၁ : ၉ - ၂၂ : ၂)

နတ်ဒေဝါတစ်ပါးက ကိုယ်တော်ယေရှုရဲ့ တပည့်တော်ယောသပ်ကို “ ကိုယ်တော်ယေရှုဟာ သူ့ရဲ့ဉာဏ်အလင်းတော်နဲ့ ငါ့ကို ထောင်ထိပ်အမြင့်ကြီးကို ခေါ်လားခယေ။ နိဗ္ဗာန်ရွှေမြို့တော်ကနီ ဘုရားရှင်ပီးလိုက်တဲ့ မြင့်မြတ်တေ ဂျေရုဆလင်မြို့ တော်ကို ငါ့ကိုပြခယေ။ ယင်းမြို့တော်ဟာ အကြီးကျယ် အဖိုးတန်ယေ ကျောက်မျက်ရတနာတိပိုင် တလက်လက် တောက်နီပြီးကေ ဖန်တုံးတိပိုင် ကြည်လင်နီယေ။ ယင်းမြို့တော်မာ အကြီးကျယ်မြင့်ယေ နံရံတိနဲ့ ဝင်ပေါက်(၁၂)ပေါက် ဟိယေ။ ယင်းဝင်ပေါက်တိကို နတ်ဒေဝါ (၁၂) ပါးက စောင့်ရှောက်ထားယေ။ ယင်းဝင်ပေါက်တိမာ အစ္စရေးအမျိုးအနွယ်ဝင် (၁၂)ယောက်ရဲ့ နာမေတိကို ရီးထားခယေ။ အရှေ့ဖက်မာ ဝင်ပေါက် (၃)ပေါက်၊ အနောက်ဖက်မာ ဝင်ပေါက်(၃)ပေါက်၊ တောင်ဖက်မာ ဝင်ပေါက်(၃)ပေါက်၊ မြောက်ဖက်မာ ဝင်ပေါက်(၃)ပေါက် ဟိပါယေ။ ငါ့ကို စကားပြောခယေ နတ်ဒေဝါမာ မြို့တော်ကို တိုင်းတာဖို့နဲ့ ဝင်ပေါက်တိနဲ့ နံရံတိကို တိုင်းတာဖို့အတွက် ရွှေနဲ့လုပ်ထားယေ တိုင်းတာတဲ့ပစ္စည်း ပါယေ။ မြို့တော်ဟာ လေးထောင့်ကျယေပုံစံဟိပနာ အလျားနဲ့အနံက အတူတူဖြိုက်တေ။ ယင်းနတ်ဒေဝါက မြို့တော်ကို တိုင်း တာကေ့ယေအခါ အလျားက မိုင်ပေါင်း (၁၅၀၀) ဟိပနာ အကျယ်နဲ့ အမြင့်ကလည်း ယင်းအတိုင်းရာ ဖြိုက်တေ။ မြို့တော် ရဲ့လမ်းတိကို ရွှေနဲ့ရာလုပ်ထားပြီးကေ ဖန်သားပိုင်မျိုး ကြည်လင်တောက်ပနီယေ။ မြို့တော်ကို အလင်းရောင် ရဖို့အတွက် နီ တိ၊ လတိ မလိုခပါ။ ဘုရားရှင်ရဲ့ ဘုန်းတန်ခိုး အလင်းတော်နဲ့ သူ့အလိုလို တောက်ပနီယေ။ ယင်းတိုင်းပြည်ရဲ့ဘုရင်ဟာ ဘုန်းတန်ခိုးနဲ့ ပြည့်စုံပနာ တိုင်းသူပြည်သားတိကို မှန်မှန်ကန်ကန် အုပ်ချုပ်လိမ့်မေ (တိုင်းပြည်ဟာလည်း သာယာပြည့်စုံ လိမ့်မေ)။ မြို့တော်မာ ညဥ့်အချိန် မဟိတဲ့အတွက် ဝင်ပေါက်တိဟာလည်း တစ်ခါတောင်မပိတ်ထားပါ။ မြို့တော်ဟာ ဘုန်း တန်ခိုးတိ၊ ဂုဏ်သတင်းတိနဲ့ရာ ဖုံးလွှမ်းနီလိမ့်မေ။ မြို့တော်ထဲကို မသန့်ရှင်း၊မစင်ကြယ်ယေ အရာတိ ဝင်လို့မရပါ။ မြို့တော်ဟာ ဘုရားရှင်ရဲ့ အသက်စာအုပ်မာ ရှီးချယ်ထားယေ လူတိရာ ဟိဖို့ဖြိုက်တေအတွက် လူလိမ်တိနဲ့ အရှက်ရစရာကောင်းယေ လုပ်ရပ်တိကို လုပ်တဲ့လူတိလည်း ဝင်လို့ရဖို့မဟုတ်ပါ။ ကိုယ်တော်ယေရှုက မျက်ရည်တိ၊ ဒုက္ခဆင်းရဲတိ၊ မကျန်းမာမှုတိ အားလုံးကို ဖယ်ရှားပီးလိမ့်မေ။ ယေပနာ မရီတွက်နိုင်ယေ လူအုပ်ကြီးက “အသင်ဟာ ကိုယ်ရဲ့အသက်ကို စတေးခံဟာနဲ့ မျိုးနွယ်အားလုံး၊ဘာသာအားလုံး၊ နိုင်ငံအားလုံးက လူတိကို အသင်ရဲ့အသွီးတော်နဲ့ ဘုရားရှင်ကို ယုံကြည်လူတိ ဖြိုက်လာအောင် လုပ်ပီးခဟာကြောင့် ဖြိုက်တေ။ အသင်ရို့ဟာ ဘုရားရှင်ရဲ့ သာသနာတော်နဲ့ သက်ဆိုင်ယေ လူတိဖြိုက်အောင် လုပ်ခကတ်ဟာဖြိုက်တေ”လို့ ချီးမွမ်းတေးသီချင်းတိနဲ့ အကျယ်ကြီး ဆိုခကတ်တေ။ နတ်ဒေဝါဟာ သလင်းကျောက်ပိုင် ကြည်လင်ယေအသက်စမ်းရီကို ငါ့ကိုပြခယေ။ ယင်းရီဟာ ပလ္လင်တော်က စီးဆင်းလာပြီးကေ မြို့တော်ရဲ့ လမ်းတိမာလည်း ဆက်လို့စီးဆင်းနီခယေ။ နတ်ဒေဝါတိက “ လာကတ်ပါ၊ ရီငတ်နီယေလူတိကို လာခိုင်းလိုက်ပါ၊ ရှိခိုးဆုတောင်းနီယေလူတိကိုလည်း အသက်စမ်းရီကို ယူခွင့်ပီးလိုက်ပါ” လို့ ပြောခပါယေ။ မြစ်ရဲ့ တစ်ဖက်စီမာ အသီးအနှံဆယ်နှစ်မျိုးသီးယေ အသက်သစ်ပင် ဟိပါယေ။ တိုင်းသူပြည်သားတိ အနာရောဂါ ကင်းစီဖို့အတွက် အပင်ကနီ အရွက်တိနဲ့ အသီးတိကို လတိုင်း ဖြိုက်ထွန်းစီလိမ့်မေ”လို့ မိန့်တော်မူခယေ။